# မှာပါရစေ ပြောပါရစေ

-(၁)-

ကိုယ်သေရင် မငိုနဲ့
ပါးစိုရုံရှိမှာပေါ့။
သပိတ်မသွတ်နဲ့
လွတ်ပြီးသား၊ ကျွတ်ပြီးသား။
ထမင်းမထုပ်နဲ့၊
သိုးစာ၊ ပုပ်စာ၊ ဖြုန်းတီးစာ။
အိုးမခွဲနဲ့၊ အိုးမလို
ဘာကိုမှ ကိုယ်မစွဲဘူး။
အပွင့်အခက်ယူမသွားနဲ့၊
ပြန်လိုက်ရမယ့် အစားမဟုတ်ဘူး။
ရက်လည်၊ လလည်၊ နှစ်လည်
ဘာကိုမှ မလည်နဲ့၊
သံသရာကြီးမှာ လည်ခဲ့သူ။

-(၂)-

ကိုယ်သေရင် မငိုနဲ့၊
ကြိုကြိုပြီး သေထားသူ။
"ဘုရားရှင်ရဲ့ဂုဏ်တော်" ကို
မြတ်နိုးပူဇော်ရင်း
အကြိမ်ကြိမ် အသေရင်းထားသမို့
မရဏမင်းဆီ ပျော်ပျော်သွားမှာ။
ပြီးတော့ ပြောပါရစေ -
သာသနာ၊ စာပေ၊ ပရဟိတ
လုပ်လက်စတွေကို ဆက်လုပ်ဖို့၊
ဗောဓိချစ်ရတဲ့ မိခင်မြေကို
ပြန်လာခဲ့မယ်မှချ။
ဒီတော့ ကိုယ်သေရင် မငိုနဲ့၊
ဖြေသာစမ်းပါ၊ ပြုံးစမ်းပါ
လူသားဆုံးတာ ကျန်တာမရှိဘူး။
မှာခဲ့ပြီ၊ ပြောခဲ့ပြီနော်၊ ဒါပါပဲ။ ။

မိုးဟိန်း(သားကျာနယ်ကျော်)
၁၉၇၂ ခု၊ ဝါဆိုလပြည့်(မွေစကြာနေ့)